## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ (၆-၇-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးနေလင်းအောင်၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က** တရားသူကြီးများနှင့် ရှေ့နေများပါဝင်သော Joint Training Program များကို တရားလွှတ်တော်ချုပ်မှ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပြည်ထောင်စုတရားလွှတ်တော်ချုပ်က** ကျင့်ဝတ်ဆိုင်ရာ အသိပညာပေးမှု အစီအစဉ်များနှင့် တရားသူကြီးများ၊ ရှေ့နေရှေ့ရပ်များ ပါဝင်သည့်ပူးပေါင်းလေ့ကျင့်သင်ကြားမှုအစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပြီး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးဌေးလွင်(ခ)ဦးဒီလုံး၊ နမ့်စန်မဲဆန္ဒနယ်က** နမ့်စန်မြို့နယ်ရှိ နားရိုင်း-နောင်ဒေးကျေးရွာချင်းဆက် ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **နယ်စပ်ရေးရာဝန်ကြီးဌာနက** ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်း ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးဝင်းဌေး၊ လယ်ဝေးမဲဆန္ဒနယ်က** ဇေယျာသီရိမြို့နယ်တွင် မြို့တော်ခန်းမ ပြေးလမ်း/ပွဲ့ကြည့်စင်ပါသည့် ဘောလုံးကွင်းတို့အား နိုင်ငံတော်အစီအစဉ်ဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **အားကစားရေးရာဝန်ကြီးဌာနက** လုံလောက်သော မြေအကျယ်အဝန်းရရှိပါက မီတာ(၄၀၀)ပြေးလမ်းပါ ဘောလုံးကွင်း၊ အထူးတန်းပွဲကြည့်စင်၊ အားကစားခန်းမ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာတို့ကို ဦးစားပေးလုပ်ငန်းအလိုက် အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် လျာထားတင်ပြ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မြို့တော်ခန်းမဆောက်လုပ်နိုင်ရေးအတွက် ရန်ပုံငွေတင်ပြတောင်းခံပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြေကြားပါသည်။ |
| ၄။ | **ဦးခင်မောင်ဌေး၊ ပျဉ်းမနားမဲဆန္ဒနယ်က** ပျဉ်းမနားမြို့ပေါ် ရပ်ကွက် (၇)ခုအား ရေနုတ်မြောင်း၊ ရေဆိုးထုတ်မြောင်းများပါဝင်သည့် မြို့ပြဖွံ့ဖြိုးရေး စီမံချက် (Town Plan )အဖြစ် ရေးဆွဲဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **နေပြည်တော်ကောင်စီဝင်က** Drainage System ရေးဆွဲထားရှိပြီး ပင်မရေမြောင်းများသို့စီးဝင်သည့် ရေနုတ်မြောင်းများအားလုံးကို ၂၀၂၆ အောက်တိုဘာလအထိ လအလိုက် ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၅။ | **ဦးသက်ပုံ၊ စစ်ကိုင်းမဲဆန္ဒနယ်က** စစ်ကိုင်းမြို့ပေါ်ရှိ ရပ်ကွက်များတွင် စနစ်ကျသော ရေပေးဝေရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **နေပြည်တော်ကောင်စီဝင်က** ပုဂ္ဂလိက လုပ်ငန်းရှင်များကိုဖိတ်ခေါ်ပြီး BOT စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိပါကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်က** ပုဗ္ဗသီရိမြို့နယ် ဇေယျာဒီပရပ်ကွက်တွင် မြေအငှားဂရန် ဆက်လက်ထုတ်ပေးရန်နှင့် တပ်ပုဗ္ဗရှိ မြေကွက်များအား မြေအငှားဂရန် အမည်လွှဲပြောင်းခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **နေပြည်တော်ကောင်စီဝင်က** တပ်ပုဗ္ဗရှိ မြေကွက်များအား မြေငှားစာချုပ် အမည်ပေါက် ပြောင်းလဲနိုင်ရေးနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ထောက်ချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၇။ | **ဦးမောင်မောင်စိုး၊ သာပေါင်းမဲဆန္ဒနယ်က** သာပေါင်းမြို့နယ်၊ ရွှေလှေကွင်း ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** ယခုဘဏ္ဍာနှစ်တွင် ကျောင်းဆောင်အဟောင်းအား အကြီးစားပြင်ဆင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျောင်းဆောင်သစ်အတွက် မြေပြင်ကွင်းဆင်း၍ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၈။ | **ဦးစိုင်းဆိုင်နော်၊ မောက်မယ်မဲဆန္ဒနယ်က** မောက်မယ်မြို့နယ် ဈေးတန်း အ.လ.က(ခွဲ) မူလတန်းကျောင်း၏ ပင်မဆောင်အား ဖျက်သိမ်းခွင့်ပြုရန်နှင့် (၂)ထပ် စာသင်ကျောင်း(၁)ဆောင် တိုးချဲ့ရရှိရေးအတွက် မည်ကဲ့သို့ ပံ့ပိုးပေးမည်ကို မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** လိုအပ်နေသည့် (၆၀ x ၃၀ )ပေ RCC (၁)ထပ် ကျောင်းဆောင် ဆောက်လုပ်ရန် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေ ရရှိမှု အပေါ်မူတည်၍ ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၉။ | **ဦးအောင်ကျော်သူ၊ မလှိုင်မဲဆန္ဒနယ်က** မလှိုင်မြို့နယ်၊ အ.ထ.က (ခွဲ) ဖက်ကုန်း၊ အ.မ.က(မူလွန်ရပ်-၁)နှင့် အ.ထ.က(မြို့သစ်) ကျောင်းတို့အတွက် ကျောင်းဆောင်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** အ.မ.က (မူလွန်)ကျောင်းအတွက် ကျောင်းဆောင်တစ်ခုနှင့် အ.ထ.က မြို့သစ်အတွက် (၉၀X ၃၀)ပေ RCC(၁)ထပ် ဆောက်လုပ်ရန် ၂၀၂၇- ၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၀။ | **ဦးအောင်နိုင်၊ ဝေါမဲဆန္ဒနယ်က** ဝေါမြို့နယ်၊ ဖိုးဦးစိန်ကျေးရွာ အ.ထ.က ကျောင်းတွင် RC (၂)ထပ် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** (၁၄၀ X ၃၀)ပေ RCC (၂)ထပ် ကျောင်းဆောင်အား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၁။ | **ဒေါက်တာကျော်ဦး၊ တောင်ငူမဲဆန္ဒနယ်က** တောင်ငူမြို့နယ်၊ သရက်တော အ.မ.က(မူလွန်)ကျောင်းအတွက် ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** ဖျက်သိမ်းခဲ့သည့် ကျောင်းဆောင်(၃)ဆောင်အစား (၉၀ X ၃၀)ပေ RCC (၁)ထပ်ကျောင်းဆောင် တည်ဆောက်ရန် ယခုဘဏ္ဍာနှစ်တွင် ခွင့်ပြုချက်ရရှိပြီးဖြစ်၍ တင်ဒါခေါ်ယူခြင်း၊ လုပ်ငန်းအပ်နှံခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁၂။ | **ဒေါ်ဆွေဆွေသင်း၊ ပေါင်းတည်မဲဆန္ဒနယ်က** တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကျောင်းနေအရွယ် အသက်(၅)နှစ် ကလေးများ စာရင်းကောက်ယူခြင်းကို တွန်းအားပေးဆောင်ရွက်၍ စာသင်ခန်းအရောက် ပို့ဆောင်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာနက** ၁၇-၆-၂၀၂၆ ရက်နေ့အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် KG ကျောင်းသား ၅၇၈၄၈၉ ဦး အပ်နှံပြီးဖြစ်ပါကြောင်း ၊ ကျောင်းအပ်ရန်ကျန်ရှိသည့်ကလေးများအား ဩဂုတ်လအကုန်ထိလက်ခံသွားမည်ဖြစ်ကြောင်း နှင့် ၂၀၂၇-၂၀၂၈ ပညာသင်နှစ် မတ်လမှစ၍ အသက် (၅)နှစ် ပြည့်ပြီးသူနှင့် အသက်(၆)နှစ်ပြည့်ပြီး KG မတက်ရသေးသည့် ကလေးများစာရင်း ကောက်ယူခြင်းလုပ်ငန်းကို သက်ဆိုင်ရာဌာနများ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |